ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့
(၁၂. ၇. ၂၀၁၆)ရက်နေ့တွင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးစိုင်းထွန်းဝင်း တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ကျောက်မဲ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း က အဆိုတစ်ရပ်အား လွှတ်တော်သို့ တင်သွင်းလာပါတယ်။ အဆိုမှာ"တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေ ကိစ္စစသည်တို့ကိုပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေ သင်ကြားရေးတွဲဖက် ဦးစီးဌာနတစ်ခု အဖြစ်ဖွင့်လှစ်ဖွဲ့စည်း ဆောင်ရွက်ရန်"အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဝင်းက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** မိုင်ဆွန်ခ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန် ကောင်းတောင်းပေးအပ် ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား

(၁) တိုင်းရင်းသားစာပေသင်ကြားရေးကို ပညာရေး ဝန်ကြီး ဌာနနှင့် တွဲဖက်ဦးစီးဌာနတစ်ခု စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်။

(၂) ယခင် အစိုးရလက်ထက် တိုင်းရင်းသားစာပေ သင်ကြားမှုကို အတိုင်းအတာတစ်ခုအထိ စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

(၃) အဆိုပါမြို့နယ်အသီးသီးရှိ တိုင်းရင်းသား စာပေသင်ကြားရေး ကော်မတီတွင် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ သော်လည်း ထိရောက်အောင်မြင်မှုမရှိခဲ့ဟု သုံးသပ် မိပါတယ်။

(၄) ထို့ကြောင့် ယခင်ရောယခုပါ သင်ကြားမှုများတွင် တစ်မြို့နယ် သင်ရိုးညွှန်းတမ်းတစ်မျိုး အဆင်ပြေ သလိုသာ သင်ကြားခဲ့ခြင်းသာ ဖြစ်ပါတယ်။

ဤကဲ့သို့ဖြင့် တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေ အတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာဆောင် ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေး တွဲဖက် ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေးနိုင်ပါရန်" အဆို တင်သွင်းအပ်ပါသည်။ ရှင်းလင်းချက် လွန်ခဲ့တဲ့(၁)နှစ်အတွင်းမှာ ကျွန်တော်တို့ တိုင်းရင်းသားစာပေနှင့် ပတ်သက်ပြီးတော့ မြို့နယ် တွေမှာ တစ်မြို့နယ်လျှင် သင်ရိုးညွှန်းတမ်း တစ်မျိုးစီဖြင့် သင်ကြား ခဲ့တဲ့အချိန်ကို ပြန်ကြည့်/ ပြန်လေ့လာလျှင် အဆင်ပြေမှု တွေမရှိပါ။ နောက်ထပ် တိုင်းရင်းသားစာပေတွေကို သင်ကြားနေတဲ့ ဆရာတွေ အတွက် ချီးမြှင့်ငွေပေးတဲ့ အချိန်တွေမှာလည်း အဆင် မပြေမှုတွေ ရှိတယ်။ အဘယ်ကြောင့်ဆိုလျှင် ဆရာတွေရဲ့ လူဦးရေ ၂၀၀ရှိလျှင် ချီးမြှင့်ငွေက ၁၀၀ပဲရောက်သွားသကဲ့သို့ အခက်အခဲတွေ အများ ကြီးရှိပါ တယ်။ ထို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် တွဲဖက်ဦးစီး ဌာနတစ်ခုဖွဲ့စည်းပေးနိုင်ရန် အတွက်ကျွန်တော်အဆို တင်သွင်း အပ်ပါတယ်။အားလုံးပဲမင်္ဂလာပါ။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမဲ့ ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ တက်ရောက်လာ ကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါ စေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့

ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းတင်သွင်း သော **"တိုင်းရင်းသားစာပေ သင်ကြားမှုတွင် သင်ရိုး ညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေ သင်ကြားရေး တွဲဖက်ဦးစီးဌာန တစ်ခုအဖြစ်ဖွဲ့စည်းပြီး ဆောင်ရွက်ပေး နိုင်ပါရန်"** အဆိုအားထောက်ခံအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။
## (သို့မဟုတ်)
## အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"တိုင်းရင်းသားစာပေ သင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမို ထိရောက်စွာဆောင်ရွက် နိုင်ရေးအတွက် တိုင်းရင်းသား စာပေသင်ကြားရေးတွဲဖက် ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက်ပေး နိုင်ပါရန်"** အဆိုဖြစ်ပါတယ်။ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးရန် သဘော မတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းထွန်းဝင်း ၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်းတင်သွင်းတဲ့အဆိုကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၁၃ရက် နေ့(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။ ယခု နေ့လည်စာ သုံးဆောင်ရန် အတွက် အစည်းဝေးကို ၁နာရီ ၃၀မိနစ် ရပ်နားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့
(၁၃. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဝင်း ၊ ကျောက်မဲ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသား အရေအတွက်၊ ဆရာများ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ပါရန်"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးသွင်း ထားပါတယ်။ ပထမဦးစွာ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစံထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းဝင်း တင်သွင်းထားသော အဆိုဖြစ်တဲ့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားရေး သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းပေး၍ သင်ကြားသည့် ဆရာ/ ဆရာမများ၏ ချီးမြှင့်ငွေနှင့် တိုင်းရင်းသားစာပေသင်ကြားမှုကို ပိုမိုထိရောက် အောင်မြင်အောင် တွဲဖက် ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ် ပါတယ်။ ယခင်နှစ်များတွင် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားမှုများ အားနည်းလျက်ရှိပါတယ်။ တစ်နေ့တာစာသင်ချိန်များအတွင်း သတ်မှတ်ထားပေးခြင်း မရှိသည့် အတွက် ထိရောက်မှုများ မရှိခဲ့ပါ။ ယခင်နှစ်များတွင် **"တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း"** ဆိုသကဲ့သို့ သင်နေခဲ့သော ကျောင်းများရှိခဲ့ပါတယ်။ သို့ပါ၍ အခြေခံပညာ ကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားမှုတွင် အချိန်သတ်သတ်မှတ်မှတ် ထားရှိပေးနိုင်ရန်နှင့် တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း စာအုပ် တစ်အုပ်ဖြင့် တစ်ပြေးညီ ပြဋ္ဌာန်းပေးနိုင်မည်ဆိုပါက ပိုမိုထိရောက် အောင်မြင် နိုင်မည်ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေ သင်ကြား ပေးသည့် ဆရာ/ ဆရာမများ၏ ချီးမြှင့်ငွေများ ချီးမြှင့်ခြင်း၊ ဆရာ/ဆရာမများ၏ ကျောင်းအလိုက် ခွဲဝေချထားမှု၊ စီမံအုပ်ချုပ်မှု စသည်တွင် ယခင်နှစ်များ၌ သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနများ၏ စီမံအုပ်ချုပ်မှု အောက်တွင် ရှိသဖြင့် သင်ကြားမှုတွင် အဆင်မပြေခြင်း၊ စီမံအုပ်ချုပ်မှု မထိရောက်ခြင်း၊ စီမံအုပ်ချုပ်ရသော ပညာရေးဌာနများအနေဖြင့်လည်း အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ သို့ပါ၍ တိုင်းရင်းသား စာပေသင်ကြားမှု ပိုမိုထိရောက်နိုင်စေရန်အတွက် တိုင်းရင်းသားစာပေသင်ကြားရေး တွဲဖက်ဌာနတစ်ခုအဖြစ် ရှိမည်ဆိုပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်းကို ဦးစိုင်းစံထွန်းမှ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းထွန်းဝင်း၏ အဆိုကို ထောက်ခံ ဆွေးနွေးပြီး နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော အစိုးရဝန်ကြီးများနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာကျန်းမာကြ ပါစေ။ ကျွန်တော်ကတော့ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ်

ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဝင်း တင်သွင်းသော တိုင်းရင်းသားစာပေ သင်ကြားရေးနှင့် တွဲဖက်ဦးစီးဌာနတစ်ခုမရှိမဖြစ်လိုအပ်သလို ရေရှည်ရပ်တည် နိုင်အောင်လည်း ဖွဲ့စည်းသင့်ကြောင်း အဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ**။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းဝင်း၏ တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်း ဆရာ၊ ကျောင်းသားအရေအတွက် ဆရာ များ၏ ချီးမြှင့်ငွေကိစ္စစသည်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန တစ်ခုအဖြစ် ဖွဲ့စည်းပြီးဆောင်ရွက် ပေးနိုင်ရန် အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာ မျိုးထွန်းမှ ရှင်းလင်းဆွေးနွေး တင်ပြ သွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း

(က) အဆင့်မြင့်ပညာဦးစီးဌာန
(ခ) ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
(ဂ) လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန
(ဃ) အခြေခံပညာဦးစီးဌာန
(င) မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန
(စ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
(ဆ) မြန်မာစာနှင့်ဘာသာစကားပညာဦးစီးဌာန
(ဇ) နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနစသည့် ဌာန(၈)ခုဖြင့် ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

တိုင်းရင်းသားဘာသာစာပေသင်ကြားရေးဆိုင်ရာကိစ္စ များကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ မန္တလေး (ရုံးချုပ်)ရှိ ဌာနခွဲ(၈-က)မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ရှိ ဌာနခွဲ (၂၄-ဂ)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ အင်း၊ ဓနု၊ ကယန်း၊ လားဟူ၊ ပလောင်၊ လီဆူ၊ ကချင်စာပေများကို ၂၀၁၂ -၂၀၁၃ ခုနှစ်မှ စတင် သင်ကြားပေးခဲ့ပါသည်။

တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းစာအုပ်များကို ၂၀၁၃ -၂၀၁၄ ခုနှစ်မှစ၍ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်တွင် တိုင်းရင်းသား (၁၀)မျိုးအတွက် ဖတ်စာအုပ် (၈၆၄၃၀) စုံဖြန့်ဝေခဲ့ ပါသည်။ ယခုနှစ်တွင်လည်း ပြဋ္ဌာန်းစာအုပ်များ ရရှိလာပါက မြို့နယ်များသို့ ဖြန့်ဝေပေးမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ဘာသာသင် ဆရာ၊ ဆရာမ (၂၂၅၃)ဦးအား တစ်ဦးလျှင် ၃၀၀၀၀/- နှုန်းဖြင့် (၈)လအတွက် စုစုပေါင်းငွေကျပ် (၅၄၀. ၇၂)သန်းအား ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့ ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဌာနခွဲ၂၄(ဂ)မှ တာဝန်ယူ ဆောင်ရွက်နေပြီ ဖြစ်ပါ၍ တိုင်းရင်းသားဘာသာစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာန ၁ ခု ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း အဆိုအား မှတ်တမ်းတင်ထားရှိပြီး ပြည်ထောင်စုအစိုးရအား တိုက်တွန်းသင့်ပါကြောင်း ပြန်လည် ဆွေးနွေးတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေး သွားပါတယ်။ ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆို တင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးဖို့ရှိပါက ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော်ဦးစွာ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ တိုင်းရင်းသားစာပေသင်ကြားမှုတွင် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက် ဆရာများ၏ ချီးမြှင့်ငွေကိစ္စ စသည်တို့ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားစာပေသင်ကြားရေးတွဲဖက်ဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ရန် အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန်အတွက် မဲခွဲဆုံးဖြတ် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကတော့ ၎င်းအဆိုကို အတည်ပြုပေးပါရန် လွှတ်တော်၏ အဆုံးအဖြတ် ခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇(က)အရ အစည်းအဝေး တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ အတည်ပြုသည်ကို သဘောတူလျှင် မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

**(ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒပြုကြပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည် လွှတ်တော် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်ဆိုသည့် နေရာမှာ သဘောတူသူ (၅၀) ဦး ၊ သဘောမတူသူ (၈၁) ဦး ၊ စုစုပေါင်း အစည်းအဝေးတက်ရောက်သူ (၁၃၁) ဦးဖြစ်ပါတယ်။ ဒါကြောင့် အဆိုအား အတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။